## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာရှည်အုပ်စု၊ ကျွန်းစုကျေးရွာ ၏ အခြေခံသတင်းအချက်အလက်များ






Scanned by CamScanner

## မာတိကာ


၁။ ကျေးရွာတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ  ( မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်---

- ဦးအောင်မင်းနိုင်လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲရခြင်းရည်ရွယ်ချက်၊

၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ၊

၇။ ရာသီခွင်ပြဇယား ၊

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း။

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ၊

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ ၊

၁၁။ ထူခြားဖြစ်စဉ် မြေပုံ၊

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြ ဇယား။

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan) ။

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထားမှုဇယား။

၁၅။ အခြေခံ သတင်းအချက်အလက် ဇယား။


Scanned by CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက် တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရေရှည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟု လည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ် ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှ လည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာ ဒေသဖွံ့ဖြိုးရေးအတွက်သိရှိ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အကာရှင်အေ့ဒ်မြန်မာ

၀၉၇၉၄၄၀၂၆၉၇၊ ၀၆၂ ၆၀၄၁၂

Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများဖြစ်ပါသည်။

ယခုကဲ့သို့ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့်အကျိုးရလဒ်အနေဖြင့်ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ရန်လိုအပ်နေမှုများကိုသေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကိုဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ.. ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အများအယွင်းနည်းစွာဖြင့် ရေတိုရောရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင်မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကိုတိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် မခိုင်ဇင်ဝင်း၊ မခင်နှင်းဝေ၊ မဖြိုးဖြိုးမြတ်နှင့် ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတက်သည့် ပညာရှင်များပင်ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး
လမ်းရွာကျေးရွာ၊ လမ်းရွာအုပ်စု
ပခုက္ကူမြို့နယ်

Scanned by CamScanner

# မြေပုံများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏ လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏ တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

Scanned by CamScanner

### ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမှုအားမျိုးသုန်းပျောက် ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကိုဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီးတတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

### ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

Scanned by CamScanner

## ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့ခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝ ဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူ နိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိ နေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင် ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုး ဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက် သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေး ရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

- ➢ ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ➢ ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများ တည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှား လျှက် အထက်သို့ပေါ့ပါးစွာရန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- ➢ "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ➢ အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဌာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

Scanned by CamScanner

ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ဖယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဥ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေးလုပ်ဆောင်ရန်အစီအစဥ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကိုကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီးအခက်အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- “ ပခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည် ”ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှု ပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

Scanned by CamScanner

ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - ကျွန်းစုကျေးရွာ
- ကျေးရွာအုပ်စု - ရွာရှည်ကျေးရွာ
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်းဒေသကြီး
- အိမ်ခြေစုစုပေါင်း - ၇၅ အိမ်
- အိမ်ထောင်စု စုစုပေါင်း - ၁၀၀ စု

အသက်အပိုင်းအခြား အလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၁၅၃ | ၁၉၁ | ၃၃၄ |
| ၀ မှ ၅နှစ်အောက် | ၁၆ | ၁၄ | ၃၀ |
| ၅ နှစ်မှ ၁၃နှစ်အောက် | ၁၅ | ၁၅ | ၃၀ |
| ၁၃ နှစ်မှ ၁၈နှစ်အောက် | ၁၀ | ၁၀ | ၂၀ |
| ၁၈ နှစ်မှ ၃၅နှစ်အောက် | ၅၅ | ၆၄ | ၁၁၉ |
| ၃၅ နှစ်မှ ၆၀နှစ်အောက် | ၅၀ | ၇၉ | ၁၂၉ |
| ၆၀ နှစ်နှင့် အထက် | ၇ | ၉ | ၁၆ |

| မိသားစု အမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု | ၆ | - | - | ၆ |
| အမျိုးသမီးဦးဆောင်မိသားစု | ၅ | ၆ | - | ၁၁ |
| မသန်စွမ်းမိသားစု | - | - | - | - |

အဓိကအသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သော ပိုင်ဆိုင်မှုများ

- ✓ ဆိုင်ကယ် -
- ✓ ဖုန်း -
- ✓ နွားလှည်း ၃၁
- ✓ နွားလှည်း(ရေစည်) -
- ✓ တီဗွီ/ဗီဒီယို ၁၇
- ✓ စက်ဘီး ၁၅
- ✓ ကြိုးလ်တု စလောင်း -
- ✓ နွားစာစဉ်းစက် ၃
- ✓ ဆီကြိတ်စက် -

Scanned by CamScanner

| | |
|---|---|
| ✓ အပ်ချုပ်စက် | ၂ |
| ✓ ချွေလှေ့စက် | - |
| ✓ ရိတ်သိမ်းစက် | - |
| ✓ လယ်ထွန်စက် | ၁ |
| ✓ လက်တွန်းထွန်စက် | - |
| ✓ သုံးဘီး | ၁ |
| ✓ ထော်လာဂျီ | - |
| ✓ ကား | ၁ |
| ✓ ရေနံတူးစက် | - |

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

| | |
|---|---|
| ✓ နွား(နိုင်း) | ၅၇ |
| ✓ နွား(မွေး) | - |
| ✓ ဝက် | ၁၅ |
| ✓ ကြက်ခြံ | - |
| ✓ ဆိတ် | - |

ရွှေ့ပြောင်းလုပ်သားဦးရေ

| | |
|---|---|
| ✓ ပြည်တွင်း | - |
| ✓ ပြည်ပ | - |

စိုက်ပျိုးမြေပိုင်ဆိုင်မှု(ဧက)

| | |
|---|---|
| ✓ လယ်မြေ | ၄၇.၅ |
| ✓ ယာမြေ | ၈၃.၅ |
| ✓ ဥယျာဉ်မြေ | ၆၅.၅ |
| ✓ ပလပ်မြေ့/ကျစ်မြေ | - |
| ✓ သနုပ်ခါးစိုက်ပျိုးမြေ | - |
| ✓ စားကျက်မြေ | - |
| ✓ သစ်တောမြေ | - |

သောက်သုံးရေရရှိမှု

Scanned by CamScanner

- ✓ အဝီစိရေတွင်း -
- ✓ ရေလှောင်ကန် -
- ✓ ရေကျယ် ရေတွင်း -
- ✓ မြေသားရေကန် -
- ✓ မြစ် -
- ✓ ချောင်း ယမာချောင်း
- ✓ ဆည် -
- ✓ လက်နှိပ်တုံကင် ၄
- ✓ ရေပိုက်လိုင်းသွယ် -

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ် အမျိုးအစားအရမှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | - |
| ၂ | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀)အောက်ပိုင်သူ | ၄ |
| | • ထန်းပင်(၂၀ မှ ၅၀ကြား)ပိုင်သူ | ၄ |
| | • ထန်းပင် (၅၀ မှ ၁၀၀ ကြား)ပိုင်သူ | - |
| | • ထန်းပင် (၁၀၀) အထက်ပိုင်သူ | - |
| ၃ | ထန်းလုပ်သား | |
| ၄ | ဈေးရောင်း | |
| | • အကြော်/ပဲပြုတ် | - |
| | • ဟင်းသီးဟင်းရွက် | ၅ |
| | • ကုန်စုံဆိုင်(အကြီး) | - |
| | • ကုန်စုံဆိုင် (အငယ်) | ၂ |
| ၅ | လယ်ယာပိုင်သူ | |
| | • လယ်/ယာ(၁)ကေအောက်ပိုင်သူ | ၃ |
| | • လယ်/ယာ(၂)ကေအောက်ပိုင်သူ | ၁၀ |
| | • လယ်/ယာ(၃)ကေအောက်ပိုင်သူ | ၉ |
| | • လယ်/ယာ(၄)ကေအောက်ပိုင်သူ | ၅ |
| | • လယ်/ယာ(၅)ကေအောက်ပိုင်သူ | ၆ |
| | • လယ်/ယာ(၅ မှ ၉)ကေကြားပိုင်သူ | ၁၅ |
| | • လယ်/ယာ(၁၀)ကေနှင့် အထက်ပိုင်သူ | ၃ |

Scanned by CamScanner

ပညာရေးအခြေအနေ

ကျောင်းအမျိုးအစား/ဝန်ထမ်း

- ✓ ကျောင်းဆရာ/ဆရာမဦးရေ -
- ✓ မူကြို -
- ✓ မူလတန်း -
- ✓ မူလွန် -
- ✓ အလယ်တန်း -
- ✓ အထက်တန်း -

ပညာတတ်မြောက်မှု

- ✓ ဘွဲ့ရ -
- ✓ အထက်တန်းအောင် -
- ✓ အထက်တန်း -
- ✓ အလယ်တန်း -
- ✓ မူလတန်း -
- ✓ ဘ/က -
- ✓ ပညာမတတ် -
- ✓ အသုံးလုံး -

ကျန်းမာရေး

- ✓ ဆေးခန်း -
- ✓ အရံသားဖွား -
- ✓ ဆေးဆရာ -
- ✓ သူနာပြု -
- ✓ တိုင်းရင်းဆေး -
- ✓ အရပ်လက်သည် -

ကျန်းမာရေးဆိုင်ရာအခြေအနေ

- ✓ အိမ်သာအသုံးပြုသောမိသားစု -
- ✓ အဖြစ်များသောရောဂါများ ဖျားနာခြင်း/သွေးတိုးခြင်း

Scanned by CamScanner

မသန်စွမ်း

- ✓ ခြေတစ်ဖက် -
- ✓ ခြေနှစ်ဖက် -
- ✓ လက်တစ်ဖက် -
- ✓ လက်နှစ်ဖက် -
- ✓ ဆွံ့အ ၁
- ✓ နားမကြား -
- ✓ မျက်မမြင် -
- ✓ ကျပ်မပြည့် -

အလုပ်အကိုင်ဆိုင်ရာများ

- ✓ တောင်သူ -
- ✓ ထန်းတက်သူ -
- ✓ စက်ပြင်သူ ၁
- ✓ ပန်းရံလက်သမား -
- ✓ လက်မှုပညာလုပ်ကိုင်သူ -
- ✓ ထန်းသားဖျဉ်းသူ -
- ✓ ကျောက်ထုသူ -
- ✓ မုန့်လုပ်သူ -
- ✓ အကြော်ကြော်ရောင်းသူ -
- ✓ ယက်ကန်းယက်သူ -
- ✓ ပန်းပဲဆရာ -
- ✓ ရေနံဖော်သူ -

Scanned by CamScanner

မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် [illegible]
[illegible] အရင်းအမြစ်ပြ မြေပုံ [illegible]



## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ လိုအပ်ချက် ပြဿနာနှင့် နှိုင်းယှဉ်ပြဿနာ အစီရင်ခံစာ

ကျွန်းစုကျေးရွာသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်၏ မြောက်ဖျားအဆုံးတွင် တည်ရှိပါသည်။ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ် ကျားတက်ရွာနှင့် ၂မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ မြိုင်မြို့နှင့် ၁၆မိုင် ကွာဝေးပါသည်။ အနောက်ဘက်တွင် ရွှေချမ်းသာရွာနှင့် ၁မိုင်ခန့်ကွာဝေးပါသည်။ ရွာ၏တောင်ဘက်တွင် လယ်တာရွာနှင့် ၁မိုင်ခန့်ကွာဝေးပါသည်။ ရွာ၏ ပုံသဏ္ဍာန်မှာ စတုဂံပုံဖြစ်ပါသည်။ အိမ်ထောင်စု စုစုပေါင်း ၇၅စုဖြစ်ပြီး၊ လူဦးရေမှာ ကျား ( ) မ.................. ပေါင်း.............. ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ပြီး ဗမာလူမျိုးများဖြစ်ပါသည်။

ကျွန်းစုကျေးရွာသည် အသက် ၅နှစ်ပြည့်ပြီး ကလေးများသည် ၁မိုင်ခန့်ဝေးသော လယ်တာရွာသို့ ပညာသင်ယူရန် နေ့စဉ်သွားလာနေရပါသည်။ ငယ်ရွယ်လွန်းသော ကလေးများ သွားလာရန် အခက်အခဲကြောင့် ကျောင်းမနေနိုင်သူ ......................ဦးခန့် ရှိပါသည်။ အခြားရွာသို့ လမ်းလျှောက်ဖြင့် သွားတက်ရသောကြောင့် လမ်းပန်းအခက်အခဲကြောင့် ကျောင်းမနေနိုင်သူ.................ဦးခန့် ရှိပါသည်။ အကယ်၍သာ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း ရှိပါက ကျေးရွာရှိ အသက် ၅နှစ်ပြည့်ပြီးသူကလေးများအားလုံး ပညာသင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။

ကျေးရွာချင်းဆက်လမ်းဖြစ်သော ကျွန်းစု ကျားတက်လမ်းသည် ၂မိုင်ခန့်အကွာအဝေးရှိပါသည်။ ၎င်းလမ်းမှာ မိုးရာသီတွင် ရွှံ့ဗွက်များ ထူထပ်ပြီး နွေရာသီတွင် သဲများထူထပ်၍ သွားလာရေး အခက်အခဲနှင့် နေ့စဉ်ကြုံတွေ့နေရပါသည်။ လမ်းကြောင့် ဒဏ်ရာရရှိသူ ၁၀ဦးခန့် ရှိပါသည်။ နေ့စဉ် အထက ကျားတက်သို့ ကျောင်းသွားရောက်ပညာသင်ယူသော ကျောင်းသားအားလုံးလည်း ဒုက္ခနှင့် ကြုံနေရပါသည်။ နာမကျန်းဖြစ်နေသော လူနာများကို ပို့ဆောင်ရာတွင် ကားဆိုင်ကယ်များ သွားလာရန် မရသောကြောင့် ထန်းစင်များဖြင့် ပို့ဆောင်ပေးရပါသည်။ အချိန်မီမပို့နိုင်သောကြောင့် အသက်ဆုံးရှုံးမှုများလဲ ရှိခဲ့ပါသည်။ ရဟန်းသံဃာများ သာရေးနာရေး ကိစ္စများအတွက် ကြွရောက်ရန် အခက်ကြုံရပါသည်။ ဆွမ်းကွမ်းကိစ္စအတွက် ဆွမ်းခံမကြွနိုင်ဘဲ ဘာသာရေးအတွက် အဟန့်အတားဖြစ်နေပါသည်။ ဒေသထွက်ကုန်များဖြစ်သော အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို အချိန်မီ ရောင်းရန်မသွားလာနိုင်သဖြင့် နစ်နာမှုများလဲ ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ကျေးရွာချင်းလမ်းကောင်းလျှင် စီးပွားရေးတိုးတက်လာနိုင်ပီး ကျန်းမာရေးကိစ္စများလဲ အလွယ်တကူ သွားလာနိုင်မည် ဖြစ်ပါသည်။ ရဟန်းသံဃာများလဲ ဘာသာရေးကိစ္စများကို ယခုထက်ပိုပြီး ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ နာမကျန်း လူနာများ၏ အသက်ကိုလဲ အချိန်မီ ကယ်တင်နိုင်မည်ဖြစ်ပါသည်။

ကျွန်းစုကျေးရွာသည် လျှပ်စစ်မီး မရှိသောကြောင့် ဘတ္တရီမီးကိုသာ အမှီပြုနေရပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လုပ်ကိုင်ရာတွင် အင်ဂျင်စက်များ အသုံးပြုပြီး ရေသွင်းခြင်းလုပ်ငန်း လုပ်ကိုင်နေရပါသည်။ ထို့ကြောင့် လောင်ဆီများကြောင့် ငွေကြေးအကုန်အကျများပြီး ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေကာ ကျန်းမာရေးကိုလဲ ထိခိုက်စေပါသည်။ သဘာဝထင်းကို အသုံးပြုနေရသောကြောင့် မီးဘေးအန္တရာယ်များလဲ စိုးရိမ်နေရပါသည်။ ကျောင်းသူ ကျောင်းသားများလဲ စာကျက်ရာတွင် ဘတ္တရီမီးဖြင့်သာ ကျက်နေရသောကြောင့် အချိန်ပြည့် မကျက်နိုင်ပဲ ရှိနေပါသည်။ ထို့ကြောင့် လျှပ်စစ်မီးရရှိလျှင် လူနေမှု အဆင့်အတန်းမြင့်မားလာပြီး ပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဟု ယူဆပါသည်။

Scanned by CamScanner

ကျွန်းစုကျေးရွာ၏ ဘာသာရေးအဆောက်အအုံကြီးဖြစ်သော ဘုန်းတော်ကြီးကျောင်းမှာ ၂၈ကာရန့်ကျယ်ဝန်းသော မြေကွက်ပေါ်တွင် အလျား..............ပေ အနံ.................ပေရှိသော အုတ်မြစ်ချပြီးဖြစ်ပါသည်။ ကျေးရွာ၏ စီးပွားရေးအခက်အခဲကြောင့် အပြီးသတ်မဆောက်လုပ်နိုင်ပဲ ငွေကြေးအခက်အခဲနဲ့ ကြုံနေရပါသည်။ သာရေးနာရေး ကိစ္စများအတွက် အခြားကျေးရွာရှိ သံဃာတော်များကို ပင့်ဆောင်ကာ ဆောင်ရွက်နေပါသည်။ ထို့ကြောင့် ကျေးရွာရှိလူအများစုမှာ ဘာသာရေးအဆုံးအမနှင့် ကင်းကွာနေသဖြင့် ခိုက်ရန်ဖြစ်ပွားမှုများ ရာဇဝတ်မှုများ မကြာခဏ ကြုံရပါသည်။ အကယ်၍ ဘာသာရေးအဆောက်အအုံဖြစ်သော ဘုန်းတော်ကြီးကျောင်းရှိပါက ဘာသာတရားအဆုံးအမကြောင့် ယဥ်ကျေးလိမ္မာသော လူငယ်လူရွယ်များ ပေါ်များလာပြီး ရာဇဝတ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုများ ကျဆင်းလာမည် ဖြစ်ပါသည်။ ဘာသာရေးအဆောက်အအုံဖြစ်သော ဘုန်းတော်ကြီးကျောင်းကို ဆောက်လုပ်ပေးနိုင်ရန် တင်ပြပေးခြင်း ဖြစ်ပါသည်။

ကျွန်းစုကျေးရွာသည် လက်ယက်တွင်းများကို အမှီပြုပြီး သောက်သုံးရေ အသုံးပြုနေရပါသည်။ နွေရာသီရောက်လျှင် သောက်သုံးရေ ပျက်လက်မှု ပြဿနာ နှစ်စဉ် ကြုံတွေ့ရပါသည်။ သန့်ရှင်းသောရေ မဟုတ်သောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ နှစ်စဉ် ကြုံတွေ့ရပါသည်။ အိမ်သာနှင့် ပေ၅၀ အတွင်းရှိသောကြောင့် ရောဂါဘယများ ထူပြောလာပါသည်။ သောက်သုံးရေအတွက် အဝီစိတွင်းများရှိလျှင် ၎င်းဒုက္ခများမှ ကင်းဝေးလာမည် ဖြစ်ပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွာရှည်အုပ်စု၊ ကျွန်းစုကျေးရွာ၏ လူနေမှုအရင်းအမြစ်ပြ

အစည်းအဝေးမှတ်တမ်း

ရက်စွဲ - ၅ - ၂ - ၂၀၁၇

အစည်းအဝေးစတင်ချိန် - ည(၇း၀၀)နာရီ

အစည်းအဝေးပြီးဆုံးချိန် - ည (၁၀း၀၀)နာရီ

ကြာချိန် - ၃း၀၀ နာရီ

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးဓမ္မာရုံ

ပံ့ပိုးသူ၏အမည် - ကိုဇော်လွင်

ကိုနေလင်းအောင်မှ ရွာ၏ပုံသဏ္ဍာန်များကို ရေးဆွဲနေသောအခါ ကိုမင်းမော်မှ အိမ်တွေကို အုတ်နံရံသွပ်မိုး ထရံကာများကို ရောင်စုံခြယ်ရန် ပြောပြသည်။ ကိုသန်းထိုက်ကလည်း အိမ်တွေ ငါဆေးခြယ်မယ် ငါက ပန်းချီဆရာကွ မောင်ညွန့်ဝင်းမှ ပြောသည်။ မင်းကစွံလို့လား သလောက်ကတော့ ပါပပါကွ ဦးသိန်းထွန်းကလဲ သေချာဆွဲနော် သက်သက်ရက်ရက်ဖြစ်ပလေ့စီ ဦးအောင်ဆွေကလဲ လေဖျန်းထားတော့ စကားက မပီတပီနဲ့ မင်းတို့အစည်းအဝေးက မသိမ်းသေးဘူးလား မပြီးသေးရင် ငါအိမ် ပြန်ပြီး နွားရွှေ့ချီအုံးမယ် ပြီးရင် ပြန်လာခဲ့မယ်လို့ ပြောတော့ မောင်ကျော်စိုးဦးက ပြန်လာခဲ့နော် အိမ်ကွေးမနေနဲ့အုံး ဦးသိန်းထွန်း မင်းတို့ဟာတွေက ဘာတွေရမှာမိုလို့ ဒီလောက်အ[illegible]ခံ လုပ်နေတာလဲ ဘယ်သူကချပေးမှာမိုလို့လဲ ဦးသန်းဌေးကလဲ ငါနစ်ခေါင်းပိတ်နေတယ် ကျန်းမာရေး မကောင်းဘူး ငါပြန်မယ်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ
ရာသီခွင်ပြဇယား အစည်းအဝေးတက်ရောက်သူများ၏ လက်မှတ်

ရက်စွဲ - ၆ - ၂ - ၂၀၁၇

| စဉ် | အမည် | လက်မှတ် | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးနေလင်းအောင် | | |
| ၂ | ဦးသိန်းထွန်း | | |
| ၃ | ဦးဝင်း | | |
| ၄ | ဦးအောင်ဆွေ | | |
| ၅ | ဦးဝင်းမြင့် | | |
| ၆ | ဦးမင်းမော် | | |
| ၇ | ဦးဇော်လွင် | | |
| ၈ | ဦးသန်းငွေ | | |
| ၉ | ဦးဖိုးတာ | | |
| ၁၀ | ဦးညိမ်းမောင် | | |
| ၁၁ | ဦးကြည် | | |
| ၁၂ | ဒေါ်ငွေကြည် | | |
| ၁၃ | ဦးကျော်စိုးဦး | | |
| ၁၄ | ဦးသန်းထိုက် | | |
| ၁၅ | ဦးသန်းဇော် | | |
| ၁၆ | ဦးစန်းမောင် | | |

Scanned by CamScanner

[illegible]

| | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးရေး | | | | | | | | | | | | |
| စိုက်ပျိုးရေး ရောဂါ | | | | | | | | | | | | |
| မွေးမြူရေး ရောဂါ | | | | | | | | | | | | |
| ကျန်းမာရေး | ချက်ဆေးရာ | | | | | ထုတ်ကျေး | ဘုတ်ကျေး | | | | | ရွက်ခြောက် |
| ပွဲတော်များ | | | | | | | | | | | | |
| ရာသီဥတု | | | | | | | | | | | | |
| နေ့စားဝင်ငွေ | ကျွား: ၈ | ၄၀၀၀ ၁၅၀၀ | ၄၀၀၀ ၁၅၀၀ | ၄၀၀၀ ၁၅၀၀ | ၂၀၀၀ ၇၅၀ | ၂၀၀၀ ၇၅၀ | ၂၀၀၀ ၇၅၀ | ၂၀၀၀ ၇၅၀ | ၄၀၀၀ ၂၀၀၀ | ၄၀၀၀ ၂၀၀၀ | ၄၀၀၀ ၂၀၀၀ | ၂၀၀၀ ၇၅၀ |
| နေ့စားထွက်ငွေ | | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၀၀ |
| တောင်သူ ဝင်ငွေ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၇၀၀၀၀ | ၅၀၀၀၀ | ၅၀၀၀၀ | ၁၂၀၀၀၀ | ၂၀၀၀၀၀ | ၁၀၀၀၀၀ | ၂၀၀၀၀၀ | ၃၀၀၀၀၀ | ၅၀၀၀၀၀ | ၄၀၀၀ |
| တောင်သူ ထွက်ငွေ | ၃၀၀၀၀၀ | ၁၅၀၀၀၀ | ၅၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀၀ | ၁၈၀၀၀၀ | ၉၀၀၀၀ | ၂၅၀၀၀၀ | ၃၀၀၀၀၀ | ၁၀၀၀၀၀၀ | [illegible] |
| ရွှေ့ပြောင်း လုပ်သား | ကျူးဘက် ၃ ယောက် | | ရုံရွာ ၆ ယောက် | | မန္တလေး ၁၀ ယောက် | | လားရှိုး ၄ ယောက် | | ရန်ကုန် ၇ ယောက် | | ရှမ်းကုန်း ၂၀ ယောက် | |
| ရေရရှိမှု | | | | | | | | | | | | |

## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ၏ ရာသီခွင်ပြ အစည်းဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် ---------------- အစည်းအဝေးစတင်ချိန် - ည (၇း၀၀)နာရီ
ရက်စွဲ - ၆ - ၂ - ၂၀၁၇
အစည်းဝေးပြီးစီးချိန် - ည (၁၀း၀၀)နာရီ
အစည်းဝေးကျင်းပသည့်နေရာ - ရွာဦးဓမ္မာရုံ
ကြာချိန် - (၃း၀၀) နာရီ
ပွဲပိုးသူ၏အမည် - နေလင်းအောင်

- ကိုမင်းမော်မှ ရာသီခွင်ပြဇယားဆွဲ၍ ကိုနေလင်းအောင်မှ အစည်းဝေးပြုလုပ်ရခြင်း ။
- ရည်ရွယ်ချက်မှာ - (၁၂)လရာသီ၏ စီးပွားရေး ၊ ကျန်းမာရေး ၊ စိုက်ပျိုးရေး ၊ မွေးမြူရေး စသည့် အကြောင်းအရာများ အစည်းဝေးပြုလုပ်ရခြင်း ဖြစ်ပါသည်။

ဆွေးနွေးသည့်ကြောင်းအရာများ -

(၁၂)လရာသီ၏ စိုက်ပျိုးမှု ၊ စိုက်ပျိုးရေး ရောဂါအကြောင်း မွေးမြူရေးရောဂါအကြောင်း ကျန်းမာရေးဖြစ်ပေါ်သောလများ ရိုးရာပွဲတော်များ ပြုလုပ်သည့် လများနှင့် ရာသီဥတု အကြောင်း ကျေးရွာ၌ နေထိုင်ကြသော နေ့စားလုပ်သားများ ဝင်ငွေထွက်ငွေအကြောင်းများ တောင်သူဦးကြီးများ၏ ဝင်ငွေထွက်ငွေများ ရွှေ့ပြောင်းလုပ်သားများ ထွက်ရှိသောလများ ပြန်ရောက်သော လများကို အစည်းဝေးတက်ရောက်သော ကျေးရွာလူထုနှင့် တိုင်ပင်ဆွေးနွေး အကြံပြုပြီး အစည်းဝေးကို ပြုလုပ်ပါသည်။

Scanned by CamScanner

## တန်ခူးလ

တန်ခူးလတွင် ကျွန်းစုကျေးရွာသည် စိုက်ပျိုးရေးအခြေအနေမှာ မိုးရာသီတွင် ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ထွန်းရေးပြင်ကြရပါသည်။ မည်သည့်သီးနှံမှ စိုက်ပျိုးနိုင်ခြင်း မရှိသေးပါ။ မွေးမြူရေးလုပ်ငန်းအဖြစ် ကြက် ၊ ဝက် ၊ နွား မွေးမြူရေးလုပ်ငန်းများကို ရာသီပြည့် မွေးမြူကြပါသည်။ နွားများတွင် ခွာနာ လျှာနာ ရောဂါများဖြစ်တက်ပါသည်။ ကျန်းမာရေးဖြစ်သူများ မျက်စိနာရောဂါများ အဖြစ်များဆုံးဖြစ်ပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို တစ်နိုင်ငံလုံးကျင်းပရာ ကျွန်းစုကျေးရွာ တွင်လည်း သင်္ကြန်ပွဲတော်ကို စည်းကားသိုက်မြိုက်စွာ ကျင်းပပါသည်။ သင်္ကြန်အခါသမယတွင် အဖိုးအဖွား ဆရာသမားများအား ကန်တော့ခြင်း သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း ဥပုပ်သီလ ဆောက်တည်ခြင်း ရေသပ္ပယ်ခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ပါသည်။ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်ပါသည်။ ရာသီဥတုကြောင့် ကျွန်းစုကျေးရွာ ပြည်သူများအနေဖြင့် အပူဒဏ်ကို ခံစားကြရပါသည်။ ပြည်သူအများစုသည် တောင်သူလုပ်ငန်း ကူလီလုပ်ငန်းများ ပန်းရံ လက်သမားစသည့် နေ့စားလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်နေကြရရာ အမျိုးသားတစ်ဦး၏ တစ်နေ့တာဝင်ငွေမှာ (၄၀၀၀) ဖြစ်၍ အမျိုးသမီး၏ တစ်နေ့တာဝင်ငွေမှာ (၁၅၀၀)ကျပ်သာ ရရှိပါသည်။ တောင်သူတစ်ဦး၏ ဝင်ငွေမှာ (၁၀၀၀၀၀)ကျပ်ခန့်ဝင်ငွေရှိပါသည်။ စိုက်ပျိုးရေးအချိန်တွင် တောင်သူများသည် စိုက်ကြလာလျှင် သီးနှံများအဆင်သင့် စိုက်ပျိုးရေးအတွက် မျိုးစေ့များဝယ်ယူခြင်း ဓာတ်မြေသြဇာ ၊ သဘာဝမြေသြဇာများ ဝယ်ယူစုဆောင်းခြင်းများ ပြုလုပ်နေကြရရာ တောင်သူများ ကုန်ကြမှုမှာ သုံးသိန်းခန့်ရှိပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာ သွားရောက် အလုပ်လုပ်ကိုင်နေသော အလုပ်သမား (၃) ဦး ရှိပါသည်။ သောက်ရေသုံးရေ နှင့် စိုက်ပျိုးရေးသုံးရေများကို ကျောက်ရေတွင်းများတူးဖော်ကာ သုံးစွဲနေကြရပါသည်။

## ကဆုန်လ

ကဆုန်လတွင် မိုးဦးကျရာသီဖြစ်ရာ နှမ်း ၊ မြေပဲ ၊ ပဲစိမ်းငုံ စသည့် ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးပါသည်။ သီးနှံများတွင် ပျ ၊ မြစ်ပိုး ဖြစ်ပေါ်တက်ရာ တောင်သူများ အနေဖြင့် ငှင်းရောဂါပိုးများ မဖြစ်ပွားခင် စိုက်ပျိုးရေးသုံး ဆေးများဖြင့် ကာကွယ်တားဆီးကာ စိုက်ပျိုးကြရပါသည်။ နွားများတွင် ခွာနာ လျှာနာ ဒေါင့်သန်းရောဂါများ ဝက်များတွင် ဝက်နားရွက်ပြာ ရောဂါများနှင့် ကြက်များတွင် ကြက်တုတ်ကွေး ရောဂါများဖြစ်တက်ပါသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်ကျင်းပ ပါသည်။ ရွာဦးရှိညောင်ပင်တွင် လူငယ် မောင်မယ်များသည် ရေအိုးများ ရေပုံးများ ဆွဲကာ စီတန်းပြီး ညောင်ရေလောင်းပွဲ ကျင်းပပါသည်။ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်ရာ အများစုမှာ အပူဒဏ်ကို ခံစားရပြီး သစ်ပင် အရိပ်များတွင် စုဝေးနေထိုင်ကြပါသည်။ နေ့စားလုပ်ကိုင် စားသောက်ရသော အမျိုးသား အမျိုးသမီးများ၏ ဝင်ငွေမှာလည်း တန်ခူးလ၏ ဝင်ငွေအတိုင်းဖြစ်ပါသည်။ ထွက်ငွေမှာလည်း ထိုနည်းအတူဖြစ်ပါသည်။ တောင်သူတစ်ဦး၏ ဝင်ငွေမှာ တစ်သိန်း ဖြစ်၍ ထွက်ငွေမှာ အလုပ်သမားများ ထွန်းငှားခမှာ ကုန်ကျရရာ ထွက်ငွေမှာ တစ်သိန်းခွဲ ကျပ်ရှိပါသည်။ ရွှေ့ပြောင်းအလုပ်သမားများမှာလည်း သုံးဦးသာရှိပါသည်။ ရေရရှိမှုမှာလည်း တန်ခူးလတွင် အစီရင်ခံသည့် အတိုင်းဖြစ်ပါသည်။

Scanned by CamScanner

## နယုန်လ

နယုန်လ၏ စိုက်ပျိုးရေးအခြေအနေမှာ ကြံ ၊ ရုံးပတီသီး စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။ ယင်းအပင်များတွင် မြစ်ပိုးရောဂါများ ဖြစ်တက်ပါသည်။ လူများတွင် အအေးမိဖျား တုတ်ကွေးများဖြစ်တက်ပါသည်။ နယုန်လတွင် ရိုးရာပွဲတော်များမရှိပါ။ ရာသီဥတုမှာ မိုးများရွာသွင်းသဖြင့် ပူပြင်းစွက်စိုသော ရာသီဥတု ဖြစ်ပါသည်။ မိုးများရွာသွင်းသဖြင့် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်တော့ပါ။ နေ့စား လုပ်သော လူတစ်ဦး၏ ဝင်ငွေမှာ တစ်နေ့လျှင် (၄၀၀၀)ကျပ် အမျိုးသမီး(၁၅၀၀)ရရှိသော်လည်း လုပ်ရက်မှာ အလွန်လျော့နည်းပါသည်။ တောင်သူများမှာလည်း မိမိတို့ ဉယျာဉ်ထွက် ဟင်းသီးဟင်းရွက်ဈေးကျဆင်းမှုကြောင့် ဝင်ငွေမှာ (၇၀၀၀၀)ကျပ်ခန့်သာ ရှိပါသည်။ ထွက်ငွေမှာ (၅၀၀၀၀) ကျပ်ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမား အဖြစ် ကျားတက် (၃)ဦး မုံရွာ (၆)ဦး မန္တလေး(၁၀)ဦး ရန်ကုန်(၂၀)ဦး ပြည်ပ(၇)ဦး ရှိနစ်စဉ် အစအဆုံးနေထိုင်ပြီး တပေါင်းပွဲ ဘုရားပွဲတွင်သာ ပြန်လာတက်ကြပါသည်။ ရေရရှိမှုမှာလည်း တန်ခူးလတွင် စီရင်ခံသည့်အတိုင်းဖြစ်ပါသည်။

## ဝါဆိုလ

ဝါဆိုလ၏ ရာဦဥတုအခြေအနေမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် စပါး ၊ မုံလာ ၊ ချဉ်ပေါင် စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပါသည်။ ၄င်းတွင် မှိုရောဂါ ၊ သီးလုံးဖောက်ပိုး ၊ ငမြောင်တောင်ပိုး ၊ မြစ်ပိုးများ နှင့် ပုများ ကျရောက်တက်ပါသည်။ အခြားသီးနှံများတွင် သီးထိုး ယင် ၊ ရွက်လိပ် ၊ ရွက်ကပ် ၊ရွက်စားပိုးများ ကျတက်ပါသည်။ ဝါဆိုလတွင် ဝက်များ၌ ဝက်နာရောဂါကျတက်ပါသည်။ ဝါဆိုလတွင် ရိုးရာပွဲတော် မရှိသောလည်း ဝါတွင်းကာလဖြစ်သဖြင့် ကျွန်းစုရွာဦး ဓမ္မာရုံ၌ ဝါတွင်း ဥပုပ်နေ့တိုင်း သံဃာတော်များ ပင့်ဖိတ်ကာ ဆွမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်ပါသည်။ ရာသီဥတုမှာ မိုးရွာသွင်းမှုရှိသဖြင့် ပူးပြင်းစိုစွက်သော ရာသီဥတုဖြစ်သည်။ နေ့စားလုပ်သားများ၏ ဝင်ငွေထွက်ငွေမှာ နယုန်တွင် အစီရင်ခံသည့်အတိုင်းဖြစ်ပါသည်။ တောင်သူတစ်ဦး၏ ဝင်ငွေသည် (၅၀၀၀၀)ကျပ်ရှိပြီး ထွက်ငွေမှာ (၄၀၀၀၀)ကျပ် ရှိပါသည်။ ရွှေ့ပြောင်းအလုပ်သမားများမှာလည်း နယုန်လတွင် အစီရင်ခံသည့်အတိုင်းဖြစ်ပါသည်။ ရေရရှိမှုမှာလည်း ထိုနည်းအတူပင်ဖြစ်ပါသည်။

## တော်သလင်းလ

တော်သလင်းလ စိုက်ပျိုးရေးအခြေအနေမှာ စိုက်ပျိုးရေးရောဂါနှင့် မွေးမြူးရေးရောဂါတို့မှာ ဝါခေါင်လတွင် အစီရင်ခံသည့် အတိုင်းဖြစ်ပါသည်။ ဤရာသီတွင် ရာသီကူပြောင်းစ ရာသီဖြစ်သဖြင့် လူများတွင် တုတ်ကွေးရောဂါများ ဖြစ်တက်ပါသည်။ ကျန်အခြေအနေအားလုံးသည် ဝါခေါင်လတွင် အစီရင်ခံသည့်အတိုင်း ဖြစ်သော်လည်း တောင်သူဝင်ငွေထွက်ငွေမှာ (၁၂၀၀၀၀ - ၁၅၀၀၀၀)ဖြစ်ပါသည်။

## သီတင်းကျွတ်လ

သီတင်းကျွတ်လ၏စိုက်ပျိုးရေးအခြေအနေမှာမျိုးပျိုးခြင်း၊ကြက်သွန်မြိတ်ထောင်၊(ဥစိုက်)များစိုက်ပျိုးခြင်းများ ပြုလုပ်ပါသည်။ယခင်စိုက်ခင်းဟောင်းများကိုဖျက်သိမ်း၍ ဆောင်းရာသီသီးနှံစိုက်ပျိုးနိုင်ရန်ပြင်ဆင်မှုများပြုလုပ်သော သောရာသီလည်းဖြစ်ပါသည်။ကြက်သွန်စိုက်ခင်းများတွင်မှိုရောဂါ၊ခါးရိုးတောက်တဲမြီးစသည့်ရောဂါများဖြစ်တတ်ရာ

Scanned by CamScanner

ကြိုတင်ကာကွယ်မှုလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ဤရာသီတွင် မွေးမြူရေးတိရစ္ဆာန်များ၌ ကြက်တုတ်ကွေး ဂဏ်နာ ၊ဂဏ်နာရှက်ပြာ ၊ဒေါင့်သန်းရောဂါ ၊ခွာနာ ၊လျှာနာ၊အမွေးဆောင်းနာရွက်အေး စသည့်ရောဂါများဖြစ်ပွားတတ်ရာအရပ်ဘက်တိရစ္ဆာန် ရမ်းကုဆရာများနှင့် ကုသကြရပါသည်။ကျန်းမာရေးနှင့် ပတ်သက်၍ ရာသီကူးပြောင်းစဖြစ်ရာ ကလေးများတွင် သွေးလွန်တုတ်ကွေး လူကြီးများတွင် တုတ်ကွေးရောဂါများ ဖြစ်ပွားပါသည်။ ဤရာသီတွင် သီတင်းကျွတ် လပြည့်နေတွင် ရွာဦး စေတီ၌ ဆီးမီး (၁၀၀၀) ကပ်လှူပူဇော်ပါသည်။ ရွာရှိ ဒု ြချုပ် ရေးမှူးနှင့် ဂေါပကအဖွဲ့ဦးဆောင်၍ လပြည့်ညတွင် အမျိုးသား ၊ အမျိုးသမီး ကလေးလူကြီး စုပေါင်းပါဝင်လျှက် ကျေးရွာအတွင်းဆီမီးတစ်ထောင်လှည့်ပူဇော်ပွဲများ ပြုလုပ်၍ စေတီဘုရားအား ဆီမီးကပ်လှူပူဇော်ကြပါသည်။ သီတင်းကျွတ်လတွင် နေသာလျှက်ရှိပါသည်။ နေ့စား ငွေဝင်ငွေထွက်နှင့်တောင်သူဝင်ငွေမှာ တော်သလင်းလတွင် အစီရင်ခံသည့်အတိုင်း ဖြစ်သော်လည်း တောင်သူထွက်ငွေမှာ (၁၈၀၀၀၀)ကျပ် ခန့်ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သား နှင့်ရေရှိမှုမှာ အထက်ပါလများတွင် အစီရင်ခံသည့်အတိုင်းပင်ဖြစ်ပါသည်။

## တန်ဆောင်မုန်းလ

တန်ဆောင်မုန်းလ၏ စိုက်ပျိုးရေး အခြေအနေမှာ ၄င်းရာသီတွင် ဂျုံ ၊ ကုလားပဲ ၊ ပြောင်းဖူး ၊ မက်ပဲ ၊ မြေပဲ ၊စသည့်တို့ကို စိုက်ပျိုးပါသည်။ ၄င်းစိုက်ခင်းများတွင် မြစ်ဆုံပိုး ၊ မှိုရောဂါ ၊ ပျ ၊ ဖြတ်စိမ်း ၊ ယင်းဖြူ စသည့်တို့ ကျရောက်တက်ပါသည်။ မွေးမြူရေး တိရစ္ဆာန်များတွင်လည်း သီတင်းကျွက်လတွင် အစီရင်ခံသည့် အတိုင်းပင် ဖြစ်ပါသည်။ ဤလတွင် ကျွန်းစုနေ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်ကြပါသည်။ ရိုးရာပွဲ အဖြစ် မီးပုံးပျံများ ပြုလုပ်၍ တန်ဆောင်မုန်းလပြည့်ညတွင် မီးပုံးပျံများလွှင့်တင်ကြပါသည်။ ဤပွဲတွင် ကလေးများ အကိုကာလာသားများ စုပေါင်း၍ ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။ ရာသီဥတုမှာ နေသာပြီး အပူအသင့်အတင့်သော ကာလဖြစ်ပါသည်။ နေ့စားလုပ်သားဝင်ငွေမှာ အမျိုးသား (၂၀၀၀)ကျပ် အမျိုးသမီး (၇၅၀)ကျပ် ဖြစ်ပါသည်။ နေ့စား၏ ထွက်ငွေသည်လည်း (၂၀၀၀)ဖြစ်လာပါသည်။ တောင်သူတစ်ဦး၏ ဝင်ငွေသည် (၁၀၀၀၀၀)ကျပ် ဖြစ်၍ ထွက်ငွေမှာ (၉၀၀၀၀)ကျပ်ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သားနှင့် ရေရရှိမှုမှာ ယခင်လတွင် အစီရင်ခံသည့်အတိုင်းဖြစ်ပါသည်။

## နတ်တော်လ

နတ်တော်လတွင် ကြက်သွန် ၊ ဖူးစားပြောင်း အာလူး ချဉ်ပေါင် စသည့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးပါသည်။ ၄င်းစိုက်ခင်းများတွင်လည်း တန်ဆောင်မုန်းလတွင် ဖော်ပြသောရောဂါ နှင့်ပိုးများ ကျရောက်တက်ပါသည်။ မွေးမြူရေးရောဂါနှင့် တန်ဆောင်မုန်းလတွင် အစီရင်ခံသည့်အတိုင်းဖြစ်ပါသည်။ ရိုးရာပွဲတော်များ မရှိပါ။ နတ်တော်လ၏ ရာသီဥတုသည် အပူချိန် နည်း၍ နှင်းဝေသော ရာသီဥတု ဖြစ်ရာ ချမ်းအေးသော ရာသီဥတု ဖြစ်ပါသည်။ လူများသည် အနွေးထည် ဝတ်ဆင်ခြင်း ၊ မီးလှုံခြင်း ၊ စောင်ခြုံခြင်းများ ပြုလုပ်၍ အအေးဒဏ်ကို ကာကွယ်ကြရပါသည်။ ပွင့်လင်းရာသီဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် အများပြည်သူတို့၏ လုပ်ငန်းများ ပုံမှန်လည်ပတ်လာပြီးဖြစ်ရာ အလုပ်အကိုင်များမှာလည်း ပေါများလာပြီ ဖြစ်သည်။ ထို့ကြောင့် နေ့စား အလုပ်သမားများ၏ ဝင်ငွေမှာ အမျိုးသား (၄၀၀၀)ကျပ်နှင့် အမျိုးသမီး (၂၀၀၀)ကျပ် ပြန်ဖြစ်လာသည်။ ထွက်ငွေမှာလည်း (၄၀၀၀) ဖြစ်လာသည်။ တောင်သူ၏ ဝင်ငွေသည် (၂၀၀၀၀၀)ဖြစ်ပြီး ထွက်ငွေမှာ (၂၅၀၀၀၀) ကျပ်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သား နှင့် ရေရရှိမှုမှာ တန်ဆောင်မုန်းလတွင် အစီရင်ခံသည့် အတိုင်းဖြစ်ပါသည်။

Scanned by CamScanner

# ပြာသိုလ

ပြာသိုလတွင် ကြက်သွန် ၊ ခရမ်း ၊ ငရုတ် ၊ ခရမ်းချဉ် ၊ ချဉ်ပေါင် ၊ရောကန်စွန်း ၊ မုံလာဥ စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပါသည်။ စိုက်ခင်းများတွင် ကျရောက်သော ရောဂါများ ၊ တိရစ္ဆာန်များတွင် ဖြစ်တက်သော ရောဂါများ လူတို့၏ ကျန်းမာရေး အခြေအနေ ရှိုးရာပွဲတော် ရာသီဥတု နှင့် နေ့စား ဝင်ငွေ ထွက်ငွေတို့သည် နတ်တော်လတွင် အစီရင်ခံသည့် အတိုင်းဖြစ်သည်။ တောင်သူ၏ ဝင်ငွေသည် (၃၀၀၀၀၀)ကျပ်ခန့် ဖြစ်၍ ထွက်ငွေမှာ (၅၀၀၀၀၀)ကျပ်ခန့်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများ နှင့် ရေရရှိမှုမှာလည်း တန်ဆောင်းမုန်းလ အတိုင်းဖြစ်သည်။

# တပို့တွဲလ

တပို့တွဲလတွင် နွေပဲတီစိမ်းများကို စိုက်ပျိုးကြပါသည်။ ပဲစဉ်းကုန်များ သိမ်းဆည်းကြပါသည်။ စိုက်ပျိုးရေး ရောဂါ မွေးမြူသည့် တိရစ္ဆာန်များတွင် ဖြစ်တက်သော ရောဂါ နှင့် (လူ) ကျန်းမာရေး အခြေအနေတို့သည် ပြာသိုလ တွင် စီရင်ခံသည့်အတိုင်းဖြစ်သည်။ တပို့တွဲလတွင် ထမနဲပွဲ ရှိပါသည်။ ထမနဲပွဲ ဟု ဆိုးသောလည်း မိမိတို့ နေအိမ်များတွင် ပြုလုပ်၍ ဘုန်းတော်ကြီးများ ကပ်လှူခြင်း ဘုရားကပ်ခြင်း နတ်တင်ခြင်း စသည်တို့ကို ပြုလုပ်ပါသည်။ ရာသီဥတုမှာ ယခင်လထက် အပူချိန်မြင့်တက်လာပြီး အအေးအနည်းငယ် လျော့နည်းလာသည်။ နေ့စား၏ ဝင်ငွေထွက်ငွေမှာ ပြာသိုလ၏ အစီရင်ခံသည့်အတိုင်းဖြစ်သောလည်း တောင်သူဝင်ငွေသည် သီးနှံသိမ်းချိန်ဖြစ်၍ (၅၀၀၀၀၀၀)ကျပ် ဖြစ်လာသည်။ ထွက်ငွေမှာ (၁၀၀၀၀၀၀) ကျပ်ဖြစ်သည်။ရွှေ့ပြောင်းလုပ်သား နှင့် ရေရရှိမှုမှာ ပြာသိုလတွင် အစီရင်ခံသည့်အတိုင်းဖြစ်ပါသည်။

# တပေါင်းလ

တပေါင်းလတွင် နွေပဲတီစိမ်း မိုးကြိုပဲတီစိမ်းများ စိုက်ပျိုးကြသည်။ ကောက်ပဲသီးနှံ ကြက်သွန်များ ရိတ်သိမ်းကြသည်။ စိုက်ခင်းများတွင် ကြသော ရောဂါ မွေးမြူရေး တိရစ္ဆာန်းများတွင် ဖြစ်တက်သော ရောဂါ နှင့် (လူ) တပို့တွဲလတွင် အစီရင်ခံသည့် အတိုင်းဖြစ်သည်။ တပေါင်းလပြည့်ကျော် (၁၀)ရက် (၁)ရက်နေ့များတွင် ရွာဦး မှော်ရုံ ဗုဒ္ဓ ပူဇနီယ ပွဲသဘင် သံဃာ ဒါန ဆွမ်းလောင်းလှူပွဲ စည်းကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ (၉)ရက် နေ့ညတွင် အကြိုဓာရားပွဲ (၁၀ (၁၁) ရက်နေ့များတွင် ရွာရှိ လူငယ်လေးများ ပျော်ပွဲ ရွှင်ပွဲအဖြစ် အရပ်ပြဇာတ်အဖြစ် တင်ဆက်ကပြကြသည်။ ရပ်ဝေးရောက် ရွှေ့ပြောင်း လုပ်သားများလည်း မိမိတို့ရွာ ဘုရားပွဲ စည်းကားသိုက်မြိုက်ရေး အတွက် ပြန်လာကြသည်။ ဆွမ်းလောင်းလှူပွဲတွင် စာရေးတန်မဲ လှူတန်းခြင်း ဆွမ်းကပ်လှူခြင်း ဆွမ်းလောင်းလှူခြင်း စသည့် ဒါန အလှူများ ပြုလုပ်ကြသည်။ ဤလတွင် နေ့အပူချိန်မြင့်လာပြီး ညအချိန်တွင် အချမ်းမပျောက်သေးပေ တပေါင်းလတွင် ဘုရားပွဲရှိခြင်း နတ်ပွဲရှိခြင်းကြောင့် အလုပ်အကိုင် လုပ်ရက်နည်းပါးခြင်း တို့ကြောင့် နေ့စားဝင်ငွေသည် အမျိုးသား (၂၀၀၀)အမျိုးသမီး (၇၅၀) ကျပ် ရရှိပါသည်။ ထွက်ငွေမှာလည်း (၂၀၀၀)ကျပ်ဖြစ်ပါသည်။ တောင်သူ၏ ဝင်ငွေသည် (၄၀၀၀၀၀)ကျပ်ဖြစ်၍ ထွက်ငွေသည် (၃၀၀၀၀၀)ကျပ် ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သား နှင့် ရေရရှိမှုသည် တပို့တွဲလတွင် အစီရင်ခံသည့် အတိုင်းပင်ဖြစ်သည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ဂျွန်းစုကျေးရွာ၏
ရာသီဥတုပြောင်းလဲမှု အစည်းအဝေးတက်ရောက်သူများ၏ လက်မှတ်

ရက်စွဲ - ၆ - ၂ - ၂၀၁၇

| စဉ် | အမည် | လက်မှတ် | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးမိုးသာ | | |
| ၂ | ဦးညွန့်မောင် | | |
| ၃ | ဦးကြည် | | |
| ၄ | ဦးဝန်းမောင် | | |
| ၅ | ဒေါ်ရွှေကြည် | | |
| ၆ | ကိုနေလင်းအောင် | | |
| ၇ | ကိုမင်းမော် | | |
| ၈ | ကိုဇော်လှိုင် | | |
| ၉ | ကိုသန်းထိုက် | | |
| ၁၀ | ကိုမင်းမင်း | | |
| ၁၁ | ဦးမိုးအောင် | | |
| ၁၂ | ဦးမြဲဆွေ | | |
| ၁၃ | ဦးသန်းဌေး | | |
| ၁၄ | ဒေါ်ငွေလှိုင် | | |
| ၁၅ | ဒေါ်တင်မေ | | |
| ၁၆ | ဒေါ်ကြည်မေ | | |
| ၁၇ | ဦးစန်းအောင် | | |
| ၁၈ | ဦးအောင်စိန် | | |

Scanned by CamScanner

Date 9.2.2017

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု

ကျွန်းခုံကျေးရွာ၏ ပညာရေး ပြဿနာ သစ်ပင်



## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ၏ ပညာရေးပြဿနာ သစ်ပင် အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာတွင် ပညာရေးတင်ပြသွားရာ လမ်းကလည်းမကောင်း တောင်သူလယ်သမားများ နှင့် ကူလီသမားများ၏ စားဝတ်နေရေးကလည်း အဆင်မပြေ၍ ကျောင်းသူ/သားကလေးများ တပေသင်ကြားရာ ပညာရေးဘက်တွင် အစအဆုံးတိုင်အောင် မတက်နိုင်ကြချေ ကျောင်းသား/သူကလေးများမှာ ရွာ၏ အနောက်ထောင့်(၂)ဖာလုံခန့် လယ်တာရှာသစ် ရွာသာ ကျွန်းစု နယ်မြေလေးရှာ အလယ်တန်းကျောင်း(ခွဲ)တွင် ပညာသင်ယူသွားရပါသည်။ ထိုလမ်းတွင် လယ်ကန်စင်းရိုး လယ်ကန်စင်းကြားက သွားလာရ၍ လမ်းကလည်း (၂)ပေလောက်သာရှိ၍ အလွန်ကျဉ်းမြောင်းလှပါသည်။ ကလေးသူငယ်များ မိုးရာသီတွင် လမ်းကန်စင်းရိုး လယ်ကန်စင်းကြားက ချော်သော ကျောင်းသွားကျောင်းပြန် အဆင်မပြေ၍ ပညာရေးဘက်တွင် အနောက်အယှက်ဖြစ်ရသည်။

ကျွန်းစုကျေးရွာ၏ တချို့အထက်တန်းကျောင်းသား/သူ ကလေးများမှာ စစ်ကိုင်းတိုင်း ထားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ အထက်တန်းကျောင်းသို့ ပညာသင်သွားရာလမ်းသည် မိုးရာသီတွင် ယမားရေများ၍ ကျောင်းမတက်နိုင် ထိုကြောင့် အထက်တန်းကျောင်းသား/သူကလေးများ ကျောင်းသို့မှန်မှန်မတက်ရ၍ ပညာရေးနောက်နေးရသည်။ ကျွန်တော်တို့ကျွန်းစုကျေးရွာတွင် ဆင်းရဲသားမိဘပြည်သူများ၍ သားသမီးများကို ပညာရေးအစအဆုံးတိုင်အောင် မထားနိုင်ကြချေ။ ကျွန်းစုကျေးရွာ၏ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်ပင်များကလည်း မိုးများ၍ လည်းကောင်း မိုးခေါင်၍ တဖုံ ပိုးကျ၍ ပျက်စီးတာကလည်းတမျိုး ထိုကြောင့် အချို့သော ကျောင်းသားမိဘများဆို သားသမီးများ ပညာသင်ကြားနိုင်ရေးအတွက် နယ်ခြားဘက်သို့ အလုပ်လုပ်ထွက်ကြရသည်။

Scanned by CamScanner

ဒါတေ 9.2.2017

မတွေးဘိုဝိုး ဒေသကြီး ဟုရုဘ်မ္မီဂိုင် ငြိမ်းဖြိုးမယ် ရွာရှည်ဘုဂ်ပ်ရု

ကျွန်းစုကျေးရွာမှ ပညာရေးပြဿနာ သစ်ပင်မှ ဖြေရှင်းချက် တော်တွင်း



## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု
## ကျွန်းစုကျေးရွာ၏ လိုအပ်ချက် ပြဿနာ နှိုင်းယှဉ်ပြ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက် -

နေ့ရက် - ၄-၂-၂၀၁၇

အစည်းအဝေးကျင်းပရာနေရာ - ဓမ္မာရုံ

ပွဲပိုးသူ၏အမည် - ဦးနေလင်းအောင်

အစည်းအဝေးစတင်ချိန် - ၇း၀၀

အစည်းအဝေးပြီးဆုံးချိန် - ၁၀း၀၀

ကြာချိန် - ၃း၀၀

လိုအပ်ချက်ပြဿနာ နှိုင်းယှဉ်ပြ ဇယားကို ကိုနေလင်းအောင်မှ လိုအပ်ချက်မေးသောအခါ ကျွန်းစုရွာ၏ လူကြီးများမှ စာသင်ကျောင်းလိုအပ်သည်ဟု ဝိုင်း၍ပြောလေသည်။ အမျိုးသမီးများမှ ရွာချင်းဆက်လမ်း လိုအပ်သည်ဟု ဝိုင်း၍ ပြောကြလေသည်။ အမျိုးသားခေါင်းဆောင် ဦးအောင်စိုးက စာသင်ကျောင်းဟာ အရေးကြီးသည်ဟု ပြောသောအခါ ဒေါ်တင်မေကလည်း ရွာချင်းဆက်လမ်းဟာလည်း အရေးကြီးကြောင်း ထပ်၍ ပြောလေသည်။ အဘကြီးဦးသန်းရွှေနှင့် အဘကြီး ဦးကျော်ကလည်း ဆေးပေးခန်း တောင်းဆိုကြသည်။ ဦးသန်းက လူကြီးပြောတာ မှန်သည်ဟု ထောက်ခံပြောလေသည်။ လူငယ်များမှလည်း ကျေးလက်ဆေးပေးခန်းမှ မနိုင်တဲ့လူနာများကို ကားဖြင့် တိုက်နယ်ဆေးရုံကြီးများကို သွားရောက်ကုသနိုင်ရန် ကျန်းမာရေးကားလိုအပ်သည်ဟု တင်ပြခဲ့သည်။ ဦးသန်းဇော်ကလည်း လယ်သမားများအတွက် လောင်စာဆီ ဈေးကြီးသဖြင့် ရေလှံ့တွင်း လိုအပ်သည်ဟု ပြောလေသည်။ ဦးမြင့်စိန်ကလည်း လျှပ်စစ်မီးလိုအပ်သည်ဟု ထပ်၍ပြောလေသည်။ ကုန်စိမ်းသည် များကလည်း ယမားတံတားတင်ပြပေးရန် တောင်းဆိုကြသည်။ လူငယ်များမှလည်း ညီညီညာညာဘောလုံးကွင်း မရှိ၍ တခြားရွာသို့ သွား၍ ကန်ကြရသည်ဟုပြောပြီး ဘောလုံးကွင်းတစ်ကွင်းရရှိရန်တင်ပြ တောင်းဆိုကြလေသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရှာရှည်အုပ်စု ကျွန်းစုကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရှာရှည်အုပ်စု ကျွန်းစုကျေးရွာ၏ စက်ကွင်းမှာ ကျွန်းစုကျေးရွားသူကျေးရွာသားများ အစည်းအဝေးတက်ရောက်မှုမှာ ကုန်စည်ကူးသန်းရောင်းဝယ်လာရာမှ လမ်းပန်းမကောင်းမှု ကျန်းမာရေးကောင်းမောင်းရာမှာ ရွံ့နွံပေါ်များမှု ချောက်ကမ်းပါး အတိမ်းအစောင်းများမှု တွေကိုလည်း နိုင်ငံတော်က ကူညီထောက်ပံ့စေချင်သည် ။ ထိုလမ်းပန်းသွားလာရာ ခက်ခဲကြမ်းတန်း၍ ကျန်းမာရေးလူနာများ အသက်မဆုံးရှုံးသင့်ပဲ ဆုံးရှုံးရပါသည်။ ယမားချောင်းရေ ထားဆီးထားသောကြောင့် အစစအရာရာ အခက်အခဲ နှင့် ကြုံတွေ့ရပါသည်။ သို့ဖြစ်ပါ၍ ယမားချောင်းကြီးသာ တံတားဆောက်ပြီးလျှင် ကျားတက်စံပြရွာသို့ သွား၍ ဘာသာရေး ကျန်းမာရေး ပညာရေး လူမှုရေး စီးပွားရေး များ ဘက်စုံ ကောင်းမွန်လာမည် ဖြစ်ပါသည်။ ကျောင်းသား/သူများလည်း မိုးရာသီတွင် ကျောင်းတက်သွားလာရာ၌ ယမားချောင်းမှာ ရေများ၍ ပညာရေးနောက်နေးနေကြရပါသည်ဟု အစီရင်ခံ တင်ပြအပ်ပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ
လမ်းပန်းဆက်သွယ်ရေးအတွက် အစည်းအဝေးတက်ရောက်သူများ၏ လက်မှတ်

ရက်စွဲ - ၈ - ၂ - ၂၀၀၇

အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက် - ၅နှစ် အတွင်းလမ်းပန်းကောင်းမွန်မှု

အစည်းအဝေးစတင်ချိန် - ည (၇း၀၀)နာရီ

အစည်းအဝေးပြီးဆုံးချိန်ည (၁၀း၀၀)နာရီ

အစည်းအဝေးကြာချိန် - ၃း၀၀ နာရီ

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးဓမ္မာရုံ

| စဉ် | အမည် | လက်မှတ် | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးသန်းဌေး | | |
| ၂ | ဦးစန်းမောင် | | |
| ၃ | ဒေါ်ငွေရီ | | |
| ၄ | ဒေါ်ငွေလှိုင် | | |
| ၅ | ဦးအောင်ဆွေ | | |
| ၆ | ဦးညွန့်တင် | | |
| ၇ | ကိုမင်းမော် | | |
| ၈ | ကိုဌေး | | |
| ၉ | ဦးသန်းထိုက် | | |
| ၁၀ | ဦးကျောင်းဆယ် | | |
| ၁၁ | ကိုရွှေမြို့ | | |

Scanned by CamScanner

Date. 8.2.2017

မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာသည်အုပ်စု
ကျွန်စုကျေးရွာ လမ်းပန်းဆက်သွယ်ရေး ပြဿနာသစ်ပင်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာစည်ဒုတ်စု ကျွန်းစုကျေးရွာအုပ်စု

လမ်းပန်းဆက်သွယ်ရေး ဖြေရှင်းမှု စက်ကွင်း   Date – 8-2-2017



Date . 10.2.2017

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်

ကွာရှည်အုပ်စု ကျောက်စုကျေးရွာ

ဝန်ဆောင်မှု။ ဒုဥ့။ ဓဂူဥ့။ တလပ်ပြမြေပုံ



# မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ၏ ဝန်ဆောင်မှု အခွန်လမ်းပြ အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်းစုကျေးရွာ၏ အနောက်တောင်ဘက်တွင် နယ်မြေလေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိသည်။ အလယ်တန်းကျောင်း(ခွဲ)နှင့် အနီးပတ်ဝန်းကျင်တွင် လယ်တာ ရွာသစ် နှင့်ရွာသာကျေးရွာ ရှိသည်။ ကလေးငယ်ကျောင်းသူ/သားများသည် အလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ပညာသင်ယူကြရသည်။ ကျွန်ုပ်တို့ကျေးရွာသည် လယ်တာ ရွာသာ ရွာသစ် ရွာတို့၏ လူမှုရေး စီးပွားရေး ကျန်းမာရေး ဘာသာရေး သာသနာရေး ပညာရေး သာရေး နာရေးကိစ္စတို့တွင် မသွားမဖြစ် သွားလာကြရပါသည်။ ထိုကိစ္စရပ်များကို လျှင်မြန်စွာ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။

ကျွန်စုကျေးရွာ၏ မြောက်ဘက်(၁)မိုင်ခန့် အကွာတွင်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း ၊ ပြည်သူ့တိုက်နယ်ဆေးရုံ ၊ နေ့တိုင်းဈေးရှိသည်။ ကျားတက်စံပြကျေးရွာသို့သွားလျှင် ယမားချောင်းကို ဖြတ်၍ သွားကြရသည်။ ပညာရေး ကျန်းမာရေး လူမှုရေး ဘာသာရေး သာသနာရေး စီပွားရေး သာရေးနာရေးကိစ္စရပ်များကို အဓိကထား၍ သွားလာကြရသည်။ ကျားတက်စံပြကျေးရွာသည် ခြေလျှင်သော်လည်းကောင်း ဆိုင်ကယ်ဖြင့်သော်လည်းကောင်း သွားလာကြရသည်။ ထိုကိစ္စရပ်များကို အဆင်ပြေပြေဖော်ဆောင်နိုင်ရန် အစီရင်ခံတင်ပြအပ်ပါသည်။ ကျွန်စုကျေးရွာသည် စစ်ကိုင်းဒေသကြီး ဆားလင်းကြီးမြို့သို့သွားလျှင် ကားဖြင့်သွားရသည်။ ဆားလင်းကြီးမြို့တွင် ပြည်သူ့ဆေးရုံကြီး ရှိသည်။ ကျွန်တော်တို့ကျွန်စုကျေးရွာ၏ ကျန်မာရေးလူနာဖြင့်သော်လည်းကောင်း ဖွားလူနာဖြင့်သော်လည်းကောင်း အဓိကထား သွားကြရသည်။ ဆားလင်းကြီးမြို့သည် ကျွန်စုကျေးရွာ နှင့်(၁၃)မိုင်ခန့်ဝေးသည်။ ကျွန်းစုကျေးရွာသည် မုံရွာမြို့သို့ သွားလျှင် ကားဖြင့်သွားကြရသည်။ မုံရွာမြို့တွင် ပြည်သူ့ဆေးရုံကြီး နှင့် ကုန်စည်ဒိုင်များရှိသည်။ ကျွန်းစုကျေးရွာ၏ အရေးပေါ်လူနာများကို မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသရသည်။ ကျွန်တော်တို့ကျေးရွာ၏ ပဲမျိုးစုံများကို မုံရွာမြို့သို့ တင်ပို့ရောင်းချရသည်။

ကျွန်းစုကျေးရွာသည် လက်ယက်မနှင့် (၆)မိုင်ကွာဝေးသည်။ လက်ယက်မစံပြကျေးရွာတွင် ပြည်သူ့ဆေးရုံနှင့် ဈေးရှိသည်။ ဆေးရုံကြီးတွင် မိမိတို့နီးစပ်ရာ သွားရကုသကြသည်။ ကျွန်းစုကျေးရွာ၏ ထွက်ကုန်စိမ်များကိုလည်း သွားရောက်ရောင်းချရသည်။ လက်ယက်စံပြကျေးရွာသို့ သွားလျှင် ဆိုင်ကယ် ၊ လည်းဖြင့် သွားကြရသည်။ မြိုင်မြို့နှင့် ကျွန်းစုကျေးရွာတွင် (၁၆)မိုင်ကွာဝေးသည်။ မြိုင်မြို့တွင် ပြည်သူ့ဆေးရုံကြီးနှင့် ရဲစခန်းရှိသည်။ ဆေးရုံကြီးတွင် မိမိတို့နီးစပ်ရာ လူနာများသွားရောက်ကုသကြသည်။ ကျွန်းစုရွာမှ မြိုင်မြို့သို့သွားလျှင် ဆိုင်ကယ်ဖြင့် လည်းကောင်း ကားဖြင့်လည်းကောင်း သွားကြရသည်။

ရက်စွဲ 7.2.2017

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မြောင်းမြမြို့နယ် ကွင်းညီအုပ်စု ကျေးရွာ၏

အနာဂတ် ရေရှည်ဖွံ့ဖြိုးမှု မြေပုံ



## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ကျွန်စုကျေးရွာ၏ အနာဂတ် မျှော်မှန်းချက် မြေပုံ၏ အစီရင်ခံစာ

အနာဂတ်မျှော်မှန်းချက် နေအိမ်များမှာ ရောင်စုံတိုက်တန်းများ ဖြစ်ရပါမည်။ ကျွန်းစုကျေးရွာ၏ တောင်မြောက် ဧရိယာ အကျယ်မှာ (၈၃၅)ပေဖြစ်ပါသည်။ အရှေ့အနောက် အကျယ်မှာ (၇၀၅)ပေဖြစ်ပါသည်။ ကျွန်းစုကျေးရွာ၏ ရွာလယ်တွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ကျန်းမာရေးကား နှင့် ရေစင် လျှပ်စစ် Tramspafer အိုးတို့ကို ထားရှိမည်။ ရွာ၏ အရှေ့ဖက်တွင် ဘုန်းတော်ကြီးကျောင်း ပညာသင်မူလတန်းကျောင်း နှင့် ဘောလုံးကွင်း ရှိရပါမည်။ ကျွန်းစုရွာ၏ မြောက်ဘက် (၂)ဖာလုံခန့်တွင် ယမားချောင်းရှိပါသည်။ ထိုယမားချောင်း၏ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာသို့ သွားလာရာ ခက်ခဲ၍ တံတား(သို့မဟုတ်) ကွန်ကရစ်လမ်း ဖြစ်ရပါမည်။ ရွာ၏ ပုံသဏ္ဍာန်မှာ စတုရန်းဖြစ်ရပါမည်။

(၁) ကျွန်တော်တို့ ကျွန်းစုရွာ၏ ကျေးလက်ဆေးပေးခန်းမှာ လူကြီးများ နှင့် ကလေးသူငယ်များ ကုသရန် မရှိမဖြစ်လိုအပ်သော ကျေးလက်ဆေးပေးခန်း ဖြစ်ရပါမည်။

(၂) ကျန်းမာရေးကား ဆိုသည်မှာ လူကြီးများနှင့် ကလေးသူငယ်များ လူနာများ အဆင်ပြေ သွားလာနိုင်ရန် အတွက် လိုအပ်ပါသည်။

